410560

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၇၆ /၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

**တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparency Initiative – EITI) လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စဉ်ဆက်မပြတ် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative–EITI) လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စဉ်ဆက်မပြတ်၊ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉-၁၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၆)ဖြင့် မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး(Myanmar Extractive Industries Transparency Initiative – MEITI) ဦးဆောင်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၃။ အဆိုပါကော်မတီကို အထောက်အကူပြုနိုင်ရေးအတွက် မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံတွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးသုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholders Group – MSG)၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံးတို့ကို ဖွဲ့စည်းထားရှိပြီး မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ နိုင်ငံတကာ EITI အဖွဲ့သို့ဝင်ရောက်ရန် လိုအပ်ချက်တစ်ရပ်ဖြစ်သော အစီရင်ခံစာများ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပထမအကြိမ် အစီရင်ခံစာကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ဒုတိယနှင့် တတိယအကြိမ်အစီရင်ခံစာများကို လည်းကောင်းထုတ်ပြန်နိုင်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တို့အတွက် သစ်တောကဏ္ဍEITI အစီရင်ခံစာများကို ပြုစုလျက်ရှိပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၂၇-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂၇(၁၅/၁၅၇၃)/၇/ သမ္မတရုံး ဖြင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub National Coordination Unit – SNU)များဖွဲ့စည်းဆောင်ရွက် ခွင့်ပြုခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် SNU များဖွဲ့စည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံတကာ EITI အဖွဲ့မှ ထုတ်ပြန်ထားသော ၂၀၁၆ EITI စံနှုန်းအရ မြန်မာနိုင်ငံ အနေဖြင့် သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး (Beneficial Ownership Disclosure) လုပ်ငန်းများ၊ ပွင့်လင်းသောအချက်အလက်မူဝါဒ (Open Data Policy) အကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ သတ္တုကဏ္ဍ၏ လိုင်စင်လျှောက် ထားမှုတွင် ကွန်ပျူတာစနစ်ဖြင့် အသုံးပြုဆောင်ရွက်ခြင်း (Mining Cadastre) တို့ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံသည် EITI လုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်အထိ EITI အဖွဲ့ဝင်လောင်းနိုင်ငံ (EITI Candidate Country) အဖြစ်ရှိနေဆဲဖြစ်ပြီး EITI စံချိန်မီတင်းပြည့်အဖွဲ့ဝင်နိုင်ငံ (EITI Compliant Country) အဆင့်သို့ရောက်ရှိနိုင်ရေးအတွက် လိုအပ်ချက်များဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် မြန်မာနိုင်ငံ၏တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းစဉ်များအောင်မြင်စေရေးအတွက် EITI လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက် သွားကြရန်နှင့် မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ၊ မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်း အမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်း မြင်သာမှုဖော်ဆောင်ရေးသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းဖော်ဆောင်ရေးမှူး ရုံးတို့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အကြောင်းကြားအပ်ပါသည်။

အမိန့်အရ

(signature)

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၃၃၀ /၁၆၅-အဖရ(EITI)/(၀၂/၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖွန်လ ၁၉ ရက်။

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁)ဦးစီးရုံး
ဒုတိယသမ္မတ(၂)ဦးစီးရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

မြင့်မြင့်သွယ်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး